# လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (Version 2.0)

ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းနှင့် သင်တန်းများ၊ ဘော်ဒါဆောင်များ၊ အားကစားသမားများအား စခန်းသွင်း လေ့ကျင့်ခြင်းနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များအစရှိသော လူအများစုဝေးနေထိုင်ရာနေရာ (Institution)များတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားနိုင်သဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါလူအများစုဝေးနေထိုင်ရာနေရာ (Institution) များ၌ နေထိုင်သူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို တိကျစွာပူးပေါင်းလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

**လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ (က) အသက်ငါးနှစ်နှင့် အထက်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံထားရှိရန်နှင့် အသက်(၁၈)နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသူများသည် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းကို မပျက်မကွက်ခံယူကြရန်၊

(ခ) အလုံပိတ်အခန်းအတွင်း လူအများနှင့်အတူရှိနေခြင်း၊ အခန်းအတွင်း ပြင်ပမှလာရောက်သူများရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အမြဲတမ်းဝတ်ဆင်ထားရန်၊

(ဂ) လက်ကိုမကြာခဏ စက္ကန့်(၂၀)ကြာ ရေ၊ ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော(၆၀%) ပါဝင်သောလက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) ဖြင့် စနစ်တကျဆေးကြောရန်၊

(ဃ) ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်းပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တံတောင်ကွေးဖြင့် လုံခြုံအောင်ဖုံးအုပ်ရန်၊

(င) စားသောက်ရာတွင် အတူစုဖွဲ့စားသောက်ခြင်း၊ မျက်နှာချင်းဆိုင် စားသောက်ခြင်း၊ စားသောက်နေစဉ် စကားပြောဆိုခြင်းများ တတ်နိုင်သမျှ မပြုလုပ်ကြရန်၊

(စ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာခံစားရသူရှိပါက သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းထံသို့ ချက်ချင်းသတင်းပေးပို့ရန်။

**လာရောက်တွေ့ဆုံသော ဧည့်သည်များ လိုက်နာရန်အချက်များ**

၂။ (က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူများဖြစ်ရန်၊

(ခ) လာရောက်တွေ့ဆုံစဉ် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျ အမြဲတမ်းဝတ်ဆင်ထားရန်၊

(ဂ) Institution အဝင်/ထွက်တွင် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးမှုခံယူရန်၊

(ဃ) ဖျားနာခြင်းနှင့် အခြား ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားနေရပါက လာရောက်ခြင်းမပြုရန်၊

(င) အတူတကွ ဝိုင်းဖွဲ့စားသောက်ခြင်း လုံးဝမပြုလုပ်ရန်၊

(စ) လူစုလူဝေးမဖြစ်စေရေး ဂရုပြုနေထိုင်ရန်။

ကျန်းမာရေးဝန်ကြီးဌာန

လက်တွင် ကပ်ပါလာနိုင်သော ပိုးရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။